ပထမပုဂ္ဂလိကဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
FIRST PRIVATE BANK PUBLIC COMPANY LIMITED
FPB First Private Bank
No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.
TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749
Website : www.firstprivatebank.com.mm
e-mail : fpbho.ygn@gmail.com
admindept.ho@fpb.com.mm

ရက်စွဲ ။ ၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာလ ( ၄ )ရက်

## အမြတ်ဝေစုခွဲဝေခြင်းအတွက်အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း

၁။ ပထမပုဂ္ဂလိကဘဏ်လီမိတက်သည်ယခင်ဘဏ္ဍာရေးနှစ်များ၏မခွဲဝေရသေးသည့်အမြတ်လက်ကျန်များအပေါ် အစုရှယ်ယာရှင်များအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အမြတ်ဝေစုခွဲဝေပေးနိုင်ရန် အရင်း/အတိုးပေးဆပ်ရန်ပျက်ကွက်သောချေးငွေများ (Non-performing Loans) ကို (၅%) အောက်သို့ ကျဆင်းစေရန် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

၂။ ပထမပုဂ္ဂလိကဘဏ်ဒါရိုက်တာအဖွဲ့၏ ၂၇.၉.၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၅-၂၀၂၆) မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အစုရှယ်ယာရှင်များအား အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ၃၀၆ ကျပ်(သုံးရာခြောက်ကျပ်တိတိ) ခွဲဝေပေးရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ထိုသို့အမြတ်ဝေစုခွဲဝေခြင်းကိုခွင့်ပြုပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အဆိုပါအမြတ်ဝေစုကို (၂) ကြိမ်ခွဲဝေပေးရန် ခွင့်ပြုချက်ရရှိခဲ့သဖြင့် **ပထမပုဂ္ဂလိကဘဏ်မှ (၁၇.၉.၂၀၂၅) နေ့တွင် အသိပေးကြေညာခဲ့သည့် အမြတ်ဝေစုခံစားခွင့်ရှိသည့် အစုရှယ်ယာရှင်အဖြစ် အတည်ပြုသည့်ရက်** (၈.၁၀.၂၀၂၅)ရက် **(Record Date)နေ့တွင်ရှိသော အစုရှယ်ယာရှင်စာရင်းပါ အစုရှယ်ယာရှင်များ**အား အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု **၁၇၆ ကျပ် (တစ်ရာခုနှစ်ဆယ့်ခြောက်ကျပ်တိတိ)** ကို (၁၅.၁၂.၂၀၂၅) ရက်နေ့တွင် ပထမအကြိမ်အဖြစ် လည်းကောင်း၊ အစုရှယ်ယာတစ်စုလျှင် အမြတ်ဝေစု **၁၃၀ ကျပ် (တစ်ရာသုံးဆယ်ကျပ်တိတိ)ကို** (၁၈.၂.၂၀၂၆) ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် လည်းကောင်း ခွဲဝေပေးမည်ဖြစ်ပါသည်။

၃။ အစုရှယ်ယာရှင်များအား အမြတ်ဝေစုခွဲဝေပေးရာတွင် (၁) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ (Securities Companies)တွင် စာရင်းဖွင့်ထားသည့် အစုရှယ်ယာရှင်များအတွက် သက်ဆိုင်ရာငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities Company) မှတဆင့် အစုရှယ်ယာရှင်များ၏ သက်ဆိုင်ရာဘဏ်စာရင်းများသို့ စာရင်းလွှဲပြောင်းထည့်သွင်းပေးမည်ဖြစ်ပါသည်။ (၂) ပထမပုဂ္ဂလိကဘဏ်၏ Special Account တွင်ရှိသော အစုရှယ်ယာရှင်များအား ပထမပုဂ္ဂလိကဘဏ်တွင် အပ်ငွေစာရင်းဖွင့်ထားပါက အဆိုပါဘဏ်စာရင်းသို့ စာရင်းလွှဲပြောင်းထည့်သွင်းပေးမည်ဖြစ်ပြီး ပထမပုဂ္ဂလိကဘဏ်တွင်အပ်ငွေစာရင်းဖွင့်ထားခြင်းမရှိပါက အစုရှယ်ယာရှင်၏ရှယ်ယာလက်မှတ် (Share Certificate) (သို့မဟုတ်) ရှယ်ယာပိုင်ဆိုင် ကြောင်းအတည်ပြုစာ (Confirmation of Share Ownership) နှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့ဖြင့် အစုရှယ်ယာရှင်ကိုယ်တိုင် နီးစပ်ရာပထမပုဂ္ဂလိကဘဏ်၏ ဘဏ်ခွဲများတွင်လာရောက်ထုတ်ယူနိုင်ပါကြောင်း အသိပေးအကြောင်းကြား အပ်ပါသည်။

ဒါရိုက်တာအဖွဲ့
ပထမပုဂ္ဂလိကဘဏ်လီမိတက်